## ၁၇၈။ သာလွန်မှု

"ဆိုရှယ်လစ်စနစ်ရဲ့ ကောင်းကွက်ကို ပြောပြစမ်းပါ"

"တခြားစနစ်တွေမှာ မတွေ့ရတဲ့ အခက်အခဲတွေကို သူ အောင်မြင်စွာ ကျော်လွှားတယ်လေ"

## ၁၇၉။ မှိုအမျိုးမျိုး

"ဘယ်လိုမှိုမျိုးကို စားလို့ရသလဲ"

"အားလုံးကို စားလို့ရတယ်၊ ဒါပေမယ့် တချို့မှိုတွေကို တစ်ခါပဲ စားလို့ရတယ်"

## ၁၈၀။ အံ့ဩစရာအကောင်းဆုံး

"အခုခေတ်မှာ အံ့ဩစရာအကောင်းဆုံးဟာ ဘာလဲ"

"ပညာမဲ့သူတွေ စင်မြင့်ပေါ်တက် ဟောပြောနေတာ အံ့ဩစရာ အကောင်းဆုံး မဟုတ်ဘူး၊ ပညာရှိတွေက အဲဒီလူတွေကို ဩဘာပေးနေတာက အံ့ဩစရာအကောင်းဆုံး"

## ၁၈၁။ ပျားရည်ဆမ်းပြီးပြီ

"ပျားရည်ဆမ်းလ ဘယ်အခါမှာ ကုန်ဆုံးလေ့ ရှိသလဲ"



"ပန်းကန်ခွက်ယောက် ဆေးကြောရာမှာ မိန်းမကို ယောက်ျားက ဝင်မကူတော့ဘဲ ကိုယ်တိုင် ဆေးကြောလာတဲ့အခါမှာ ကုန်ဆုံးလေ့ ရှိပါတယ်"



## ၁၈၂။ အသက်ပိုရှည်တဲ့မိန်းမ

"ယောက်ျားတွေထက် မိန်းမတွေ အသက်ပိုရှည်တယ် ဆိုတာ အမှန်ပဲလား"

"အတိအကျတော့ မသိဘူး၊ ဒါပေမယ့် မုဆိုးမတွေ အသက်ပိုရှည်တာတော့ အမှန်ပဲ"

## ၁၈၃။ မျက်နှာဖုံး

"ခွဲစိတ်ဆရာဝန်တွေ ဘာဖြစ်လို့ သူတို့မျက်နှာကို အဝတ်ဖြူနဲ့ ဖုံးထားရသလဲ"

"ခွဲစိတ်တာ မအောင်မြင်ရင် သူတို့ကို မမှတ်မိအောင်လို့"